# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 12 , 2023 | Volume 62, Number 8


၁၂.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၆၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၄၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၈.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၁.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၉၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်


https://www.commerce.gov.mm

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့၊ (၁၄:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုများဖြစ်သည့် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်တင်ပို့မှုကို အရည်အသွေးအားဖြင့် ပိုမိုကောင်းမွန်ရေး၊ အရေအတွက်အားဖြင့် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်ပူးပေါင်းပြီး “ မြန်မာ့ဆန်စပါးညီလာခံ – ၂၀၂၂ ” ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)မှာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ညီလာခံမှ ဖော်ထုတ်ချက်များအရ ဆက်လက်ဆောင်ရွက်သွားသင့်သည့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် ဖော်ထုတ်ချက် (၁၅)ချက်၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍအတွက် (၁၀)ချက်နှင့် ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုကဏ္ဍအတွက် (၁၈)ချက်၊ စုစုပေါင်း ဖော်ထုတ်ချက် (၄၃)ချက်နှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် လုပ်ငန်းစီမံချက် (Action Plan) ကို (၅)နှစ်တာ ကာလအတွက် (မူကြမ်း) ရေးဆွဲပြုစုထားပြီးဖြစ်ပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို အားလုံးအတည်ပြုချက်ရရှိပြီးသည့် အချိန်တွင် သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များအနေဖြင့် ဦးဆောင်ခြင်း၊ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်၍ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်

သွားကြရမှာဖြစ်ကြောင်း၊ မြန်မာ့ဆန်စပါး ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံ ဈေးကွက်တိုးချဲ့နိုင်ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် တည်ရှိစေရေးအတွက်လည်းကောင်း၊ အရည်အသွေးသတ်မှတ်ချက် နိုင်ငံတကာအဆင့်ဝင်သည့် ပို့ကုန်များကို ထုတ်လုပ်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့်ကုန်သည်လုပ်ငန်းရှင်များက ဟန်ချက်ညီညီ ဖော်ဆောင်သွားရမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများမှ လုပ်ငန်းစီမံချက် လျာထားမှုများအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးမှလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%8

## ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် နနွင်းများ စတင်တူးဖော်နေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် နနွင်းများစတင်ထွက်ပေါ်နေပြီး ယခင်နှစ်ထက် ဈေးပိုရနေကြောင်း နနွင်းစိုက်တောင်သူများထံမှ သိရသည်။ ကျောက်ဆည်ခရိုင်တွင် နနွင်းစိုက်ဧကပေါင်း (၂၃၅၈) ဧကရှိ၍ နနွင်းများကို မိုးဦးကျကာလတွင် စတင်စိုက်ပျိုးပြီး မြစ်သားမြို့နယ်တွင် ရွာခိုင်ကြီး၊ လွန်ကျော်၊ မဿဲ၊ စမြောင်၊ ပေတော၊ ဒါးဝယ်အင်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကကုန်ကျစရိတ်မှာ ခုနှစ်သိန်းမှရှစ်သိန်းခန့်ထိ ကုန်ကျ ကြောင်း သိရသည်။

တစ်ဧကအထွက်နှုန်းမှာ နနွင်းအစို ၂၅ တင်းဆံ့ လှည်းအစီး (၈) စီးမှ (၁၀) စီးအထိ ထွက်ရှိ၍ တင်း ၂၀၀ မှ ၂၅၀ ရကြောင်း၊ နနွင်းတက် လှည်းတစ်စီးကို အခြောက်ခံလျှင် နနွင်းအခြောက်ပိဿာချိန် (၇၀) ထွက်ရှိ၍ တစ်ဧကလျှင် အခြောက်ပိဿာချိန် ၅၆၀ မှ ၇၀၀ ထိရကြောင်း၊ မြေဆီနှင့် မြေဩဇာ ထည့်မှုပေါ်မူတည်၍ အထွက်နှုန်းကွာခြားကြောင်း၊ ပွဲစားများမှ နနွင်းအစို လှည်းတစ်စီးလျှင် ကျပ် နှစ်သိန်း ၊ နနွင်းအခြောက် ပိဿာချိန်တစ်ရာလျှင် ကျပ် လေးသိန်းပေး၍ ဝယ်ယူနေကြောင်း၊ မြစ်သား၊ ကူမဲရှိပွဲရုံများနှင့် မန္တလေးပွဲရုံ များသို့တင်ပို့ရောင်းချလျှက်ရှိကြောင်း အထွက်နှုန်းကတော့ အရင်နှစ် ထက် ပိုမထွက်ပေမဲ့ ဒီနှစ်မှာဈေးပိုရကြောင်း မြစ်သားမြို့နယ်၊ ပေတောရွာမှ နနွင်းစိုက်တောင်သူ ဦးဇော်နိုင် က ပြောပါတယ်။

နနွင်းပိဿာချိန်တစ်ရာလျှင် ယခင်နှစ် နနွင်းပေါ်ချိန်က ကျပ်နှစ်သိန်းခွဲသာရရှိကြောင်း၊ ယခုနှစ်တွင် ဈေးကောင်းရသောကြောင့် အကျိုးအမြတ်ရရှိကြောင်း နနွင်းသီးနှံသည် အခြားသီးနှံများနှင့်နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိပြီး ဝင်ငွေကောင်းတဲ့သီးနှံဖြစ်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း နနွင်းစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## ကန်ပိုက်တည်ကုန်သွယ်ရေးစခန်း၏ ငှက်ပျောထုပ်ပိုးပစ္စည်း တင်သွင်းမှုအခြေအနေ

ကန်ပိုက်တည်ကုန်သွယ်ရေးစခန်းတွင် အဓိကတင်ပို့လျက်ရှိသော တစ်သျှူးငှက်ပျောများအား စနစ်တကျထုပ်ပိုးတင်ပို့နိုင်ရန်အတွက် ထုပ်ပိုးပစ္စည်းများအား တစ်ဖက်တရုတ်နိုင်ငံမှ ယာယီစနစ် (Temporary Admission) ဖြင့် တင်သွင်းလျက်ရှိရာ တစ်ရက်လျှင်ပျမ်းမျှယာဉ်စီးရေ (၃၅ စီးမှ ၄၀ စီး) ခန့်အထိ တင်သွင်းလျက်ရှိပါသည်။ အဆိုပါ ထုတ်ပိုးပစ္စည်းများသည် ကချင်ပြည်နယ်အတွင်း စိုက်ပျိုးလျက်ရှိသော တစ်သျှူးငှက်ပျောများအား အရည်အသွေးကျဆင်းမှုမရှိအောင် စနစ်တကျထုပ်ပိုးတင်ပို့နိုင်ရန်ဖြစ်ပါသည်။ ယခုတစ်ပတ်အတွင်း တစ်ရက်ထက်တစ်ရက် ယာယီထုပ်ပိုးပစ္စည်းများ ပိုမိုတင်သွင်းလာကြောင်းတွေ့ရှိမှုအရ တစ်သျှူးငှက်ပျောများ ယခုရာသီအတွင်း ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## ရခိုင်ပြည်နယ်မှထွက်ရှိသောဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်လိုအားများလာသောကြောင့် ဒေသတွင်း၌ ဆားလုပ်ငန်းလုပ်ကိုင်သူ ၅၀ ရာခိုင်နှုန်းခန့်တိုးလာ

ရခိုင်ပြည်နယ်မှထွက်ရှိသောဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်လိုအားများလာသောကြောင့် ဒေသတွင်း၌ ဆားလုပ်ငန်း လုပ်ကိုင်သူ ၅၀ ရာခိုင်နှုန်းခန့်တိုးလာကြောင်း ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဆားထုတ်လုပ်သောလုပ်ငန်းများကို ကျောက်ဖြူမြို့နယ်၌ အများဆုံးလုပ်ကိုင်ကြပြီး ပြည်တွင်း တင်ပို့မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့လျက်ရှိသည်။ လက်ရှိ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ဆားထုတ်လုပ်သော လုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး ပေါက်တောမြို့နယ်၌ ၃၀ ရာခိုင်နှုန်းခန့်ရှိကာ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့၌ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ "အရင်က ဆားထုတ်လုပ်တဲ့အခါ မြေကြီးပေါ်မှာ နေလှန်းပြီး ဆားထုတ်လုပ်ကြတာပါ။ အခုနောက်ပိုင်းမှာ ပလတ်စတစ်ပေါ်မှာ နေလှန်းပြီး ဆားထုတ်လုပ်တဲ့နည်းကို ပြောင်းလဲလုပ်ကိုင်လာကြတယ်။ အဲဒီလို ပလတ်စတစ်ပေါ် နေလှန်းထုတ်လုပ်တဲ့ဆားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကုန်သည်တွေက ကြိုက်နှစ်သက်တော့ ဝယ်ယူဖို့ကမ်းလှမ်းတာတွေများလာတယ်" ဟု ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းကပြောသည်။

မြေကြီးပေါ်၌ နေလှန်းထုတ်သောဆားများထက် ပလတ်စတစ်ပေါ် နေလှန်းထုတ်လုပ်သော ဆားများ သည် ပိုမိုသန့်စင်ပြီး အရည်အသွေး ပိုမိုကောင်းမွန်သကဲ့သို့ ဆားအထွက်နှုန်းမှာလည်း ပလတ်စတစ်ပေါ် နေလှန်း ထုတ်လုပ်သောဆားများက ၆၀ ရာခိုင်နှုန်းကျော် ပိုမိုထွက်ရှိကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်မှထွက်ရှိသော ဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမြောက်အမြားတင်ပို့နိုင်စေရေး မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှ ထွက်ရှိသောဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုံမှန်တင်ပို့လာနိုင်ပါက ဆားထုတ်လုပ်သော ဒေသခံ တောင်သူများအနေဖြင့် ပိုမိုအဆင်ပြေမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35314

## ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ချက်တွေ ပြန်ရုပ်သိမ်းဖို့ အိန္ဒိယနိုင်ငံစဉ်းစားနေ

ကမ္ဘာ့ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယနိုင်ငံဟာ ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ချက်တွေကို ဖယ်ရှားပေးဖွယ် ရှိနေပါတယ်။ ဒါဟာ ယူကရိန်းအပေါ် ရုရှားကျူးကျော်ခဲ့ပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်းက ကျင့်သုံးလာတဲ့ မိမိနိုင်ငံ စားနပ်ရိက္ခာဖူလုံရေး ဦးစားပေးဆောင်ရွက်ချက်တွေ ပြေလျော့လာမှု နောက်တစ်ခု ဖြစ်လာနိုင်ပါတယ်။

ပြည်တွင်းဆန်ဈေး တည်ငြိမ်လာတာကြောင့် အစိုးရတာဝန်ရှိသူတွေဟာ ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ချက်တွေကို ပြန်ရုပ်သိမ်းဖို့ အားတက်သရော စဉ်းစားလာကြတယ်လို့ ဒီကိစ္စနဲ့ နီးစပ်သူတစ်ဦးက ပြောပါတယ်။ အစိုးရမှာရှိတဲ့ အရန်ဆန်စာရင်းဟာ သက်သာချောင်ချိရေးစီမံချက်တွေကို ထောက်ပံ့ပေးဖို့ လုံလောက်နေပြီလို့ အမည်မဖော်လိုသူ ၎င်းပုဂ္ဂိုလ်က ပြောပါတယ်။

အိန္ဒိယဟာ ကမ္ဘာ့ဆန်ကုန်သွယ်မှုအနက် ၄၀ ရာခိုင်နှုန်းကို တင်ပို့ရောင်းချပေးလျက်ရှိပါတယ်။ ဒါကြောင့် အိန္ဒိယပို့ကုန် ကန့်သတ်ချက်တွေ ဖြေလျှော့မှုတစ်စုံတစ်ရာရှိလာခဲ့ရင် အာရှတစ်ဝန်းက ဆန်ဈေးတွေ အားပျော့လာနိုင်ခြေရှိပါတယ်။

ကမ္ဘာ့စားသောက်ကုန်ဈေးကြီးမြင့်မှုအပေါ် စိုးရိမ်ချက် ကျဆင်းလာတာကြောင့် အိန္ဒိယက ဖြေလျှော့မှုပြုလုပ်ဖို့ ဆွေးနွေးနေပါတယ်။ ၂၀၂၂ ထဲမှာ ယူကရိန်းစစ်ပွဲနဲ့ ရာသီဥတုဆိုးရွားမှုတွေကြောင့် ကမ္ဘာ့စားသောက်ကုန်ဈေးတွေ အဆမတန် မြင့်တက်ခဲ့ပေမယ့် နှစ်ကုန်ချိန်ရောက်တော့ နှစ်အစက နှုန်းလောက်အထိ ပြန်လည်ကျဆင်းသွားခဲ့ပါတယ်။ စားနပ်ရိက္ခာနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောခွင့်ရပုဂ္ဂိုလ်တစ်ယောက်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး မှတ်ချက်ပေးဖို့ကို ငြင်းဆိုသွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဟာ ပြီးခဲ့တဲ့ စက်တင်ဘာလတုန်းက ဆန်ဖြူနဲ့ဆန်ညိုတင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့ပြီး ဆန်ကွဲတင်ပို့မှုကိုတော့ လုံးလုံးပိတ်ပင်ခဲ့ပါတယ်။ အိန္ဒိယဟာ ဆန်တင်ပို့မှုရဲ့ ၆၀ ရာခိုင်နှုန်းအပေါ် သက်ရောက်မှုရှိတဲ့ ဒီပိတ်ပင်ကန့်သတ်ချက်နဲ့ မရှေးမနှောင်းမှာပဲ ဂျုံနဲ့သကြားတင်ပို့ရောင်းချမှုတွေအပေါ် ကန့်သတ်ချက်တွေလုပ်ဆောင်ခဲ့ပါသေးတယ်။

ပို့ကုန်မူဝါဒ အပြောင်းအလဲဖြစ်လာရင် အိန္ဒိယဆန်တင်ပို့မှု အားကောင်းလာနိုင်တာကြောင့် ပြီးခဲ့တဲ့အင်္ဂါနေ့မှာ အိန္ဒိယဆန်တင်ပို့လုပ်ငန်းတွေရဲ့ အစုရှယ်ယာဈေးတွေ မြင့်တက်ခဲ့ပါတယ်။ ဆန်တင်ပို့လုပ်ငန်းကြီးတွေဖြစ်တဲ့ KRBL Ltd. ရဲ့ရှယ်ယာက ၃ ဒသမ ၂ ရာခိုင်နှုန်း၊ LT Foods Ltd. ရဲ့ရှယ်ယာက လေးရာခိုင်နှုန်းနဲ့ Chaman Lal Setia Exports Ltd. ရဲ့ ရှယ်ယာက ၅ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပါတယ်။

မိုးစပါးပေါ်ပြီးနောက်ပိုင်း ပြည်တွင်းမှာ ဆန်ရောင်းအားတက်လာတာကြောင့် အစိုးရအနေနဲ့ ဆန်တင်ပို့မှုအပေါ် ကန့်သတ်ချက်တချို့ကို ဖယ်ရှားပေးဖို့ တောင်းဆိုသွားမယ်လို့ အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ပြောထားပါတယ်။ ဒီဆန်လုပ်ငန်းအသင်းဟာ အနည်းဆုံး ဆန်ကွဲတန်ချိန်တစ်သန်း တင်ပို့ခွင့်ရရှိရေးနဲ့ ဆန်ဖြူတင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ထားတာ ဖယ်ရှားပေးရေး တောင်းဆိုသွားမယ်လို့ အသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောပါတယ်။

ဈေးကွက်အတွင်း ဆန်စပါးပေါ်များလာတာကြောင့် အစိုးရသက်သာချောင်ချိရေးစီမံချက်တွေအတွက် ဆန်စပါး ဝယ်ယူတာကိုလည်း လွယ်ကူချောမွေ့စေခဲ့ပါတယ်။ ဇန်နဝါရီ ၁ ရက်နေ့အထိ စာရင်းအရ အစိုးရအဖွဲ့တွေဟာ ၂၀၂၂-၂၃ ရာသီသီးနှံကနေ စပါးတန်ချိန် ၅၃ သန်းဝယ်ယူနိုင်ခဲ့ပြီး ဒါဟာ နှစ်အလိုက် ၁၁ ရာခိုင်နှုန်း မြင့်တက်လာတာဖြစ်ကြောင်း နိုင်ငံပိုင် စားနပ်ရိက္ခာကော်ပိုရေးရှင်းက ထုတ်ပြန်ပါတယ်။

Source: India Considers Lifting Rice Export Curbs as Supply Improves

https://www.yahoo.com/now/india-considers-lifting-rice-export-112207279.html

https://greenwaymyanmar.com/posts/India_Rice_Export_reconsidering

## ရုရှား-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးပမာဏ သတ်မှတ်ကာလမတိုင်မီ ဒေါ်လာဘီလီယံ ၂၀၀ အထိ ရောက်ရှိမည်ဟုခန့်မှန်း

ရုရှားနှင့်တရုတ်နိုင်ငံတို့ကြား ကုန်သွယ်မှုသည် စံချိန်တင်ပမာဏအထိမြင့်တက်လာသည့်အတွက် သတ်မှတ်ကာလ မတိုင်မီ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိရောက်ရှိမည်ဟု ခန့်မှန်းရကြောင်း ရုရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျန်းဟန်ဟွေက Tass သတင်းဌာနသို့ ဇန်နဝါရီ ၁၁ ရက်တွင် ပြောသည်။

အဆိုပါနှစ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ ၂၀၃၀ ပြည့်နှစ်အရောက်၌ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိ ရောက်ရှိစေရန် ဧပြီလတွင်သဘောတူထားသည်။

၂၀၂၂ ခုနှစ်အကုန်တွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏ ၂၅ ရာခိုင်နှုန်းတိုးမြင့်ကာ ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ဘီလီယံ ၁၈၀ ခန့်ရှိနိုင်ကြောင်း တရုတ်သံအမတ်ကြီးက ဆက်ပြောသည်။

လက်ရှိမှာ ကပ်ရောဂါကာလရဲ့ မကောင်းတဲ့နောက်ဆက်တွဲဆိုးကျိုးတွေရှိနေသေးသော်ငြားလည်း တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှုက ဖွံ့ဖြိုးတိုးတက်မှုကြီးကိုရရှိလိမ့်မယ်လို့ မိမိတို့အနေနဲ့ အပြည့်အဝယုံကြည်ပါတယ်ဟု တရုတ် သံအမတ်ကြီး ကျန်းဟန်ဟွေကဆိုသည်။

ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နှစ်နိုင်ငံကြား စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၆ ဘီလီယံအထိ ၃၆ ရာခိုင်နှုန်းမြင့်တက်လာသည်။ ထို့ပြင် တရုတ်နှင့်ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံကြား ပိုင်းခြား ထားသည့် အရှေ့ဖျားစွန်းဒေသရှိ အမ်မာမြစ်ပေါ်တွင် ရထားလမ်းနှင့်ကားလမ်းပါဝင်သည့် တံတားများတည်ဆောက်မှု အပါအဝင် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံစီမံကိန်းများကို ပူးတွဲဆောင်ရွက်ပြီးစီးထားပြီဖြစ်သည်။

အလားတူ နှစ်နိုင်ငံရှိနိုင်ငံသားများအနေဖြင့် အပြန်အလှန် သွားရောက်လည်ပတ်မှုများကို မကြာမီအချိန်၌ လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်းနှင့် ခရီးသွားလုပ်ငန်း၊ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှု စသည့်ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်သံအမတ်ကြီးက ပြောထားသည်။

**Source: RT**

https://www.myawady.net.mm/node/35321

## မုံရွာမြို့အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပြောင်းနီ၊ ကုလားပဲ ဈေးနှုန်းများဈေးငြိမ်၍ ပြောင်းဖူးစေ့cp၊ ပဲစင်းငုံ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေးဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး 929၊ မတ်ပဲ ဈေးနှုန်းအနည်းငယ်ကျဆင်းသွားသည်။ ယခု တစ်ပတ်အတွင်း ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲတီစိမ်း (ကြီး)၊ ပဲတီစိမ်း(သေး)မှာ ပဲစင်းငုံ (၅၄၅၀၀)ကျပ်၊ မတ်ပဲ (၅၂၅၀၀-၅၃၅၀၀)ကျပ် ၊ပဲတီစိမ်း(ကြီး) (၄၆၅၀၀)ကျပ်နှင့် ပဲတီစိမ်း(သေး) (၃၆၅၀၀)ကျပ် ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ တစ်တင်းလျှင် (၅၃၈၀၀)ကျပ်၊ မတ်ပဲ တစ်တင်း လျှင် (၅၃၀၀၀-၅၄၀၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၂၀၀၀-၄၅၅၀၀)ကျပ်၊ ပဲတီစိမ်း (သေး) (၃၅၅၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံ တစ်တင်း လျှင် (၇၀၀)ကျပ်၊ ပဲတီစိမ်း(သေး)/ကြီး တစ်တင်းလျှင် (၁၀၀၀)ကျပ်နှုန်း မြင့်တက်သွားပြီး၊ မတ်ပဲတစ်တင်းလျှင် (၅၀၀)ကျပ် ကျဆင်းသွားကြောင်း သိရပါသည်။

ကုလားပဲ (မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၂၀၀၀)ကျပ်၊ ကုလားပဲ ဖြူလုံး(သစ်) သေး (၆၂၀၀၀) ကျပ်၊ 929(သစ်) (၅၉၀၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်အပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး(သစ်) တစ်တင်းလျှင် (၆၂၀၀၀)ကျပ်၊ ကုလားပဲ ဖြူလုံးသေး (သစ်) (၆၂၀၀၀) ကျပ်၊ 929(သစ်) (၆၀၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်အပတ် ကာလတူနှင့်နှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲဖြူလုံးသေး ဈေးနှုန်းများ ဈေးငြိမ်နေပြီး၊ 929 တစ်တင်းလျှင် (၁၀၀၀) ကျပ်ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း ပြောင်းနီ တစ်တင်းလျှင် (၂၁၀၀၀) ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၂၀၅၀၀) ကျပ် ပေါက်ဈေးရှိသည်။ ယခင်အပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းနီတစ်တင်းလျှင် (၂၁၀၀၀)ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၂၀၀၀၀)ကျပ်ရှိ၍ ယခင်အပတ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပြောင်းနီဈေးငြိမ်နေပြီး၊ ပြောင်းဖူးစေ့ cp အနည်းငယ်မြင့်တက်လာကြောင်း သိရပါသည်။

**Source: ဧေယျာကုန်သွယ်မှုဗဟိုဌာန**

## ကဏန်း၊ ငါးရှဉ့်များ တရုတ်ယွမ်ငွေဖြင့် ရောင်းချခွင့်ရ

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နေတဲ့ကုန်ပစ္စည်းတွေထဲမှာ ရေထွက်ကုန်တွေဖြစ်တဲ့ ဂဏန်းနဲ့ငါးရှဉ့်တွေလည်း အပါအဝင်ပါ။ ဂဏန်းနဲ့ငါးရှဉ့်အရှင်တွေကို အထူးသဖြင့် မူဆယ် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းကနေ တရုတ်နိုင်ငံကို တင်ပို့နေတာဖြစ်ပြီး ကုန်ခဲ့တဲ့ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ၆ လကျော် ကာလအတွင်း ဂဏန်းတန်ချိန် ၄၀၀၀ ကျော်နှင့် ငါးရှဉ့်တန်ချိန် ၉၀၀၀ ကျော် တင်ပို့ထားနိုင်ခဲ့တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနက စာရင်းအရသိရပါတယ်။

"ကိုဗစ်၁၉ ရောဂါကြောင့် တရုတ်နိုင်ငံကို ဂဏန်းနဲ့ငါးရှဉ့်အရှင် တင်ပို့မှုကိုရပ်ခဲ့ရပြီးတော့ ပြီးခဲ့တဲ့ ၂၀၂၂ခုနှစ် ဇွန်လကုန်ပိုင်းလောက်မှ ပြန်တင်ပို့ခွင့်ရခဲ့တာပါ။ ပြန်တင်ပို့ခွင့်ရခဲ့တဲ့ ၆ လ ကျော် ကာလအတွင်းမှာတော့ နှစ်မျိုးပေါင်းကို မက်ထရစ်တန်ချိန် ၁၃၈၀၀ ကျော် တင်ပို့နိုင်ခဲ့ တယ်။ မြန်မာနိုင်ငံက ကုမ္ပဏီနဲ့တရုတ်နိုင်ငံရှိကုမ္ပဏီတွေအကြားချိတ်ဆက်ပြီး တင်ပို့ခွင့် ရရှိထားတာပါ" လို့ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူက ဆိုထားပါတယ်။




အဲလို တိုက်ရိုက်ချိတ်ဆက်တင်ပို့ခွင့်ကြောင့် ဇူလိုင်ကျော်ကာလအတွင်း စုစုပေါင်း ဂဏန်းမက်ထရစ်တန်ချိန် ၄၇၉၃ ဒသမ ၆၈၈ တန် တင်ပို့မှုမှ တရုတ်ယွမ်ငွေ ၁၃၆၃၁၇၈၆၄ ဒသမ ၁၅၉ ယွမ် ရရှိခဲ့သလို ၊ ငါးရှဉ့် မက်ထရစ်တန်ချိန် ၉၀၃၇ ဒသမ ၉၂ တန် တင်ပို့မှုမှ ၂၂၂၃၂၈၂၄၆ ဒသမ ၃၂ ယွမ် ရရှိထားတာပါ။

အဆိုပါတင်ပို့ခဲ့တဲ့ ဂဏန်းနဲ့ငါးရှဉ့်တွေကိုလည်း ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း ၊ ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့က ရေထွက်ကုန်လုပ်ငန်းလုပ်ကိုင်သူများမှတဆင့် မန္တလေးတိုင်း ရေထွက်ကုန်ဒိုင်များသို့ တင်ပို့ပြီးနောက် အဲဒီကမှတဆင့် ကားများဖြင့် မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ပို့ဆောင်နေတာပါ။

**ဤဆောင်းပါးကို Myanmar Future News မှကူးယူဖော်ပြပါသည်။**

**Source:** https://l.htwettoe.com/v2

## ထိုင်းနိုင်ငံသည် ဇွန်လမှစတင်၍ ခရီးသွားလုပ်ငန်းခွန် ကောက်ခံရန်စီစဉ်နေ

ထိုင်းနိုင်ငံသည် ဇွန်လမှစတင်၍ နိုင်ငံတွင်းသို့ ဝင်ရောက်လာသော ပြည်ပခရီးသည်များအား တိုးရစ်ဝင်ကြေး ဘတ်ငွေ သုံးရာ (အမေရိကန်ငွေ ၉ ဒေါ်လာ) ကောက်ခံသွားရန်စီစဉ်နေကြောင်း ဝန်ကြီးတစ်ဦးက ဇန်နဝါရီလ ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။


ကောက်ခံ၍ရရှိလာသောငွေကြေးများအား မတော်မဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော ခရီးသွားဧည့်သည်များကို ကူညီရန်နှင့် ခရီးသွားများ စိတ်ဝင်စားသည့်နေရာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသုံးချသွားမည်ဟုသိရသည်။ “အလုပ်ပါမစ်နဲ့လာတဲ့သူတွေနဲ့ နယ်စပ်ဖြတ်သန်းခွင့်ရှိတဲ့ နိုင်ငံခြားသားတွေဆီက အခကြေးငွေ ကောက်ခံမှာမဟုတ်ဘူး” ဟု ခရီးသွားလုပ်ငန်းဝန်ကြီး ပီဖတ်ရာခက်စ်ပရာကန်ကပြောသည်။

အဆိုပါ အဆိုပြုချက်ကို ပြီးခဲ့သည့်နှစ်က ပထမဆုံးထည့်သွင်းစဉ်းစားခဲ့ပြီး အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူရမည်ဖြစ်သည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ပြည်ပခရီးသည် ၂၅ သန်း ဝင်ရောက်လာရန် မျှော်မှန်းထားပြီး ခရီးသွားလုပ်ငန်းအသုံးစရိတ်မှာ အနည်းဆုံး ထိုင်းဘတ်ငွေ ၂ ဒသမ ၃၈ ထရီလျံ ကုန်ကျရန်ခန့်မှန်းထားဟု ပီဖတ်ကဆိုသည်။

**Source: CNA**

**Popular News Journal**

## STOCK EXCHANGE (12.1.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 12th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,580 (Shares) | 8,255,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +200 | +2.33% | 8,700 | 8,800 | 8,600 | 542 | 4,730,000 | 33,109,694 | 291,365 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,250 | 3,350 | 3,250 | 511 | 1,686,750 | 38,929,150 | 130,413 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,600 | 2,650 | 2,600 | 290 | 758,500 | 12,823,224 | 33,982 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 37 | 99,900 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 200 | 980,000 | 10,497,598 | 51,438 |

## Market summary

As of 12th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.69 | +6.07 | +1.57% | 388.40 | 393.69 | 386.50 | 1,580 | 8,255,150 | 7 | 684,878 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 1,580 (Shares) | 8,255,150 (MMK) |

### Main Board

As of 1:00 pm, 12th Jan. 2023

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,580 (Shares) | 8,255,150 (MMK) |

| MYANPIX | 393.69 ▲ 6.07 |
|---|---|
| Total Volume (shares) | 1,580 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 684,878 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 200 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |